အမျိုးသားရေးအတွက် ဘာရည်ရွယ်ချက်နဲ့ အခုလို အသုံးချခံနေရတာလဲ။

လတ်တလောကိစ္စရပ်ကိုဖြေရှင်းတဲ့သဘောဘဲ။ လားဟူတွေနေထိုင်တဲ့သျှမ်းပြည်မှာ စစ်မက်ဖြစ်ပွါးနေတာ အခုချိန်ထိ ငြိမ်းချမ်းရေးမရသေးတာ။တိုက်ပွဲတွေဖြစ်လာရင် ဗမာစစ်တပ်ကချီတက်လာပြီး တိုင်းရင်းသားတွေကို ပေါ်ဒါဆွဲတယ်။ နှိပ်စက်တယ်။ ပြည်သူ့စစ်လုပ်ခိုင်းလို့လုပ်ရင်တော့ ရွာသားတွေပေါ် ဒါဆွဲမခံရတော့ဘူး။ ဆိုတော့ ပြည်သူ့စစ်လုပ်ရင် သူတို့ရဲ့နှိပ်စက်ညှင်းပမ်းခြင်းကို လောလောဆယ်သက်သာခွင့်ရတယ်ဆိုတဲ့အမြင်လောက်နဲ့ဘဲ အခိုင်းအစေဘဝနဲ့သူတို့နေလာခဲ့တာဖြစ်ပါတယ်။

တခြားသောလက်နက်ကိုင်တိုင်းရင်းသားတွေမှာ အပစ်ရပ်တယ် ကာကွယ်ရေးတပ်လုပ်တယ်။ ဒါပေမယ့် ပြန်လည်လက်နက်ကိုင်တော်လှန်ခဲ့တာတွေရှိတယ်။ လားဟူမှာကျတော့ အဲလိုမရှိတာ ဘာကြောင့်လို့မြင်ပါသလဲ။

တော်လှန်ရေးတပ်ရှိခဲ့တယ်။ ပူကျောင်းလုံ ခေတ်တုန်းကရှိခဲ့တယ်။ ဒါပေမယ့် ကျနော်တို့လားဟူက ပညာတတ်တဲ့လူ နည်းတယ်။ ဥစ္စာပစ္စည်းလဲချမ်းသာကြွယ်ဝခြင်းမရှိခဲ့ဘူး။ ဒီတော့ ရေရှည်ရပ်တည်နိုင်

ဖို့ခက်ခဲတယ်။ စနစ်တကျဖွဲ့စည်းထားတဲ့ အဖွဲ့လဲမရှိသလို ဦးဆောင်မယ့်သူလဲမရှိတဲ့အတွက်ကြောင့် ဖြစ်တယ်လို့ ကျနော်မြင်တယ်။

ပူကျောင်းလုံ ဆိုတာ ကျနော်တို့ ကြားဖူးတာတော့ မိုင်းတုံ မိုင်းဆတ်ကို ဗမာစစ်တပ်လက်အောက်ကနေ ပြန်လည်တိုက်ယူ ထိန်းချုပ်နိုင်တဲ့ ခေါင်းဆောင်ဖြစ်တယ်။ အခုအခြေအနေမှာကော ပူကျောင်းလုံလိုမျိုး လားဟူအဖွဲ့မှာ အင်အားပြန်လည်ပြည့်မီဖို့ အလားအလာတွေ့ရ ပါသလား။

ခုနပြောသလို ဦးဆောင်နိုင်တဲ့ နိုင်ငံရေးပါတီမရှိခဲ့လို့လက်နက်ကိုင်တော်လှန်ရေးဟာ အခုဆိုရင် ပပျောက်သလောက်ဖြစ်သွားပြီ။ အခု နအဖရဲ့စည်းရုံးရေးဗျူဟာကတမျိုးပြောင်းလာတယ်။ လားဟူတွေမှာနတ်စားတွေများတယ်။ ခရိယာန်တွေနည်းတယ်။ ဗုဒ္ဓဘာသာဆိုမရှိသလောက်ကိုနည်းတယ်။ ဗမာစစ်တပ်က လားဟူတွေကို ဗုဒ္ဓဘာသာဝင်တွေအဖြစ်သွတ်သွင်းပြီး မိန်းနေခေါ် အထက်ပိုင်းနေ လားဟူခရိယာန်တွေနဲ့ ခွဲခြားလာတယ်။ DKBA ကရင်ကို KNU ကရင်တွေနဲ့ ခွဲခြားတဲ့နည်း လားဟူတွေထဲအသုံးပြုတယ်လို့ သတိပြုမိတယ်။ ဦးနေဝင်း ပါတီကောင်စီခေတ်မှာဆိုရင် ရာထူးကြီးကြီးတွေဆို များသောအားဖြင့် ခရိယာန်တွေနေရာရတယ်။ ခရိယာန်တွေကစာတတ်တာကိုး။ စာမတတ်တဲ့သူ များတယ်ဆိုတော့ ခရိယာန်တွေက အုပ်ချုပ်တဲ့လူတန်းစား၊ လားဟူခပ်များများကအုပ်ချုပ်ခံလူတန်းစား ဆိုပြီးမြင်လာတယ်။ ဒီတော့ ခရိယာန်တွေကိုမုန်းတီးတဲ့စိတ်တွေရှိလာတယ်။ အဲ့ဒီအမြင်ကို နအဖကမိမိရရယူပြီးတော့မှ လားဟူခရိယာန်တွေနဲ့ခွဲနိုင်အောင် သူတို့ကိုဗုဒ္ဓဘာသာသွတ်သွင်းတယ်။ အခုဆိုဂျပီးကွယ်တို့ ပေါ့။ သူကောင်းပြုပြီးချီးမြောက်ထားတယ်။ ဂျပီးကွယ် တစ်ယောက် လားဟူခရိယာန်တွေကိုမုန်းထဲ့အထဲ သူပါတယ်။

ဝ တပ်မှူးတချို့ပြောဖူးတယ်တဲ့။ စစ်ဖြစ်လာရင် လားဟူ ပြည်သူ့စစ်တွေကို အရင်ရှင်းပစ်ရမယ်ဆိုတာ။ အဲ့ဒါ ဘာကြောင့် အဲလိုပြောရလဲ တချက်ရှင်းပြပါ။

UWSA ခေါင်းဆောင်တွေနဲ့ကျနော်တို့ တွေ့တွေ့ဆိုင်ဆိုင် ဆွေး နွေးဖူးတယ်။ သူက ကျနော်တို့ကိုပြောဖူးတယ်။ နအဖနဲ့ ဝ စစ်ရေး အရပဋိပက္ခဖြစ်လာရင် ပန်ဆန်းကဆင်းလာမယ့် တပ်သား ၁၀၀၀ ရဲ့ ၅၀ ရာခိုင်နှုန်းဟာ လားဟူပြည်သူ့စစ်တွေကြောင့် လမ်းမှာဘဲသေကြလိမ့်မယ်။ ဒါကြောင့်လားဟူကို မိတ်ဆွေဖြစ်လာအောင် စည်းရုံးချင်တာတဲ့။ စောစောပိုင်းက ကျနော်တို့လဲ ပူးတွဲပါတီဆိုပြီး LNDP (Lahu National Development Party) လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ ဝ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ၂ ပါတီ လုပ်တဲ့အခါမှာ မိုင်းတုံမှာရှိတဲ့ ဝ တပ်ထဲမှာ လားဟူ တပ်ရင်းတရင်းရှိတယ်။ အဲဒီတရင်းကိုသူတို့ ဖမ်းဆီးထောင်ချပြီးသတ်တာအခု ၂ ယောက် ၃ ယောက်ကျန်သေးတယ်။အဲဒီကိစ္စ ကျနော်တို့ မြောက်ပိုင်းက ဝ ခေါင်းဆောင်တွေနဲ့ သွားဆွေးနွေးတယ်။ **အပြစ်ရှိသူလောက်ဘဲ အပြစ်ပေးပါ။ အခုလိုရက်အကန့်အသတ်မရှိ ထောင်ချပြီးသတ်နေတာဟာ ကျနော်တို့ခံပြင်းတယ်။ မလုပ်ပါနဲ့။ တော်ကြာ အမျိုးသားချင်းချင်းမုန်းတီးမှုဖြစ်လာမယ်** လို့သွားတင်ပြတော့ မြောက်ပိုင်း ဝခေါင်းဆောင်တွေက နားလည်ပြီး တောင်ပိုင်း ဝ ခေါင်းဆောင်တွေကို အဲဒီလားဟူတွေ လွှတ်ပေးဖို့ညွှန်ကြားလာတယ်။ ဒါပေမယ့် တောင်ပိုင်းဝ ခေါင်းဆောင်တွေက ဂရုမစိုက်ဘူး။ အမိန့်မနာခံဘူး။ ကျနော်တို့ချစ်ခင်ရင်းနှီးစွာ အတူတကွပူးတွဲပြီးတော့လုပ်ဆောင်ကြရအောင်လို့ပြောတယ်။ ဒါပေမယ့်သူတို့ဘက်က လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ အားနည်းတယ်။ မြောက်ပိုင်းရဲ့အမိန့်ကို တောင်ပိုင်းကနာမခံဘူးဆိုတာတွေတွေ့လာတော့ နောက်ပိုင်းကျနော်တို့လဲ ပြန်ခွါသွားတယ်။

တကယ်လို့လားဟူပြည်သူ့စစ်တွေ နအဖနဲ့ဆက်လက်လက်တွဲနေမယ်ဆိုရင်တော့ တကယ်တမ်းစစ်ဖြစ်လာရင်၊ လားဟူပြည်သူ့စစ်တွေကိုလည်းစည်းရုံးလို့လုံးဝမရရင်တော့သူတို့ကိုအရင်ရှင်းပစ်ရမှာမလွဲဘူး။ဘာကြောင့်လဲဆိုတော့ လားဟူပြည်သူ့စစ်တွေဟာနအဖရဲ့လက်ကိုင်ဒုတ်၊မျက်စိဖြစ်နားဖြစ်နေလို့ဘဲ။ သျှမ်းပြည်မှာလားဟူပြည်သူ့စစ်မရှိရင် နအဖဟာသူ့ခြေပေါ် သူရပ်တည်လို့ရမှာမဟုတ်ဘူးတဲ့။ ဘယ်မှမသွားနိုင်ဘူးစသဖြင့် ကျနော်တို့ကိုပြောခဲ့ဖူးတယ်။

အခုလို လားဟူပြည်သူ့စစ်နဲ့ ဝ တပ်ကြားဖြစ်နေတဲ့ပြဿနာက တိုင်းရင်းသားအချင်းချင်းသွေးကွဲသလိုဖြစ်နေတော့ နအဖစစ်အုပ်စုအတွက် အခွင့်အရေး သာနေသလို မဖြစ်ဘူးလား။

နအဖအတွက် အခွင့်အရေးသာနေသလိုဖြစ်နေတာပေါ့။ အမှန်တော့ လွတ်လပ်ရေးရပြီးခါစ တရုတ်ဖြူတွေဝင်လာတဲ့ ခေတ်ကတည်းက တရုတ်ဖြူတွေကဖိနှိပ်လွန်းအားကြီးတော့လားဟူတွေလဲမခံနိုင်ဘဲရရာလက်နက်စွဲကိုင်တော်လှန်တော့ ဗမာစစ်အုပ်စုအတွက် အထောက်အကူဖြစ်ခဲ့တာဘဲ။ နောက်ပိုင်းကျနော်တို့ ကြားရတာတော့ စစ်တပ်ရဲ့လျှို့ဝှက်မှတ်တမ်းအရလားဟူတွေဟာသစ္စာရှိတယ်။ သူတို့ကိုကောင်းကောင်းမွန်မွန်ထားပေးရင်နေတယ်။ ဆိုတာတွေ ကာကွယ်ရေးတက္ကသိုလ်ရဲ့ DNC ဆိုတဲ့လူမျိုးတမျိုးစီရဲ့လျှို့ဝှက်မှတ်တမ်းမှာမှတ်သားထားတယ်လို့ကြားတယ်။ ဟုတ်/မဟုတ် ကျနော်အတိအကျမသိရဘူး။ တိုင်းရင်းသားအချင်းချင်းကြား ပဋိပက္ခတွေဖြစ်လာအောင်ကျနော်တို့လားဟူပြည်သူ့စစ်ကို သူတို့ကအသုံးပြုနေမယ်ဆိုရင်ကျန်တဲ့တိုင်းရင်းသားတွေဟာ ကျနော်တို့ကိုမုန်းတီးလာပြီးစည်းလုံးညီညွတ်မှုရဖို့ခက်လိမ့်မယ်။ လားဟူပြည်သူ့စစ်မှာ လက်နက်ရှိတယ်၊ ကျန်တဲ့အဖွဲ့လက်နက်မရှိဘူး။ လားဟူပြည်သူ့စစ်တွေကိုပေါ် တာမခေါ်ဘူး။ တခြားတိုင်းရင်းသားတွေကိုပေါ် တာဆွဲဖို့ လားဟူတွေကိုခိုင်းမယ်။ ဒါတွေဟာ အချင်းချင်းကြားမကျေနပ်မှုတွေဖြစ်လာမှာဘဲ။ သျှမ်းပြည်တော်လှန်ရေးအဖွဲ့စတင်ဖွဲ့စည်းလာချိန်ကတည်းကလားဟူတွေကိုရော တခြားတိုင်းရင်းသားအဖွဲ့အစည်းတွေရောစည်းရုံးလာခဲ့ရင်အခုလိုပြဿနာတွေဖြစ်လာမှာမဟုတ်ဘူးလို့ကျနော်မြင်တယ်။သျှမ်းပြည်တော်လှန်ရေးတပ်ဖွဲ့ဟာ စည်းရုံးမှုအားနည်းတာတွေ့ရတယ်။ အခုတောင်မှ RCSS ထုတ်ပြန်တဲ့စာတမ်းထဲမှာသျှမ်းပြည်မှာ သျှမ်းတိုင်းရင်းသားတွေချည်း ၆၈ ရာခိုင်နှုန်းရှိတယ်။ သူတို့က သျှမ်းတိုင်းရင်း

သားဟာ လုံလောက်တဲ့လူဦးရေရှိတယ်။ ဥစ္စာပစ္စည်းလည်းရှိတယ်။ ဒါကြောင့်တော်လှန်ရေးခရီးမှာဘယ်တိုင်းရင်းသား (လားဟူ၊ ပအိုဝ်း၊ ပလောင်၊ ဝ၊ ခနု---) မှပါစရာမလိုဘူး အဲလိုမှတ်ယူနေသလိုဘဲ။ အခု တော်လှန်ရေးခရီးနှစ် ၆၀ ပြည့်လုနီးတောင်မှတိုင်းရင်းသားတွေစည်းလုံးညီညွတ်မှုမရှိလို့ တော်လှန်ရေးမအောင်မြင်တာ၊ စည်းလုံး ညီညွတ်မှုပြန်လည်တည်ထောင်လာတာ။ အရင်ကတည်းက ဒီလိုအဖွဲ့အစည်းမျိုးရှိရင်သိပ်ကောင်းမှာဘဲ။ လားဟူလူမျိုးတွေဟာ လူနည်းစုတွေဖြစ်ပြီး တောတောင်ထဲမှာ ကြမ်းကြမ်းတမ်းတမ်းနေထိုင်လာတဲ့လူတွေဖြစ်လို့ စစ်တိုက်ရာမှာအရမ်းအထောက်အကူဖြစ်ခဲ့တာကို နအဖစစ်အုပ်စုက မြင်သွားတာပေါ့။ လားဟူတွေဟာ တောထဲမှာဘယ်နှစ်ရက်နေနေ ငတ်သေတာမရှိခဲ့ဘူးတာကိုဗမာစစ်တပ်ကမြင်တော့ အခုလိုအသုံးချခံဘဝဖြစ်နေရတယ်လို့ ကျနော်မြင်တယ်။

အဲလိုဆိုရင် အခု သျှမ်းပြည်တိုင်းရင်းသား ညီညွတ်ရေးအတွက် အလင်းတန်းလေးတွေ့ရပြီလို့ အန်ကယ်ဆိုလိုချင်တာလား။

RCSS စာတမ်းထဲမှာ ရေးထားတာက တိုင်းရင်းသား ၁၅ မျိုးဖော်ပြထားတယ်။ သျှမ်းက လူဦးရေ ၆၈ ရာခိုင်နှုန်း၊ ပလောင် ၇ ရာခိုင်နှုန်း၊ ပအိုဝ်း ၇ ရာခိုင်နှုန်း၊ ဝ ၅ ရာခိုင်နှုန်း ကျန်တဲ့ ကချင်တွေ အင်းသားတွေ ခနုတွေ လားဟူတွေ အခါ ကိုးကန့်တွေ ပဒေါင်တွေ လီဆူးတွေ ပြီးတော့ ယန်းလျဲန် ယန်းလမ် ယန်းလိုင်း တောင်ရိုးတွေ စုစုပေါင်း ၁၅ မျိုးလောက်ဖော်ပြထားတယ်။ ဒီလူတွေကို နဂိုကတည်းကစည်းရုံးနိုင်ခဲ့ရင် အခုလောက်ဆိုရင် အင်အားကြီးတခုလောက်ဖြစ်နေပြီ ။ လားဟူဆိုတာက ၆၈ ရာခိုင်နှုန်းထက်စာရင် အင်မတန်ကိုနည်းပါတယ်။ ဒါပေမယ့် ဒီနည်းနည်းလေးကို အရင်ကမစည်းရုံးနိုင်ခဲ့လို့ အခုဗမာစစ်အုပ်စုက အသုံးချခါမှသျှမ်းပြည်တော်လှန်းရေးခရီးအတွက်ဆူးငြောင့်ခလုတ် ဖြစ်နေတာပေါ့။

ဝ အမျိုးသား တိုးတက်ရေးပါတီဆိုတာ လားဟူနိုင်ငံရေးပါတီနာမည်နဲ့ ဆင်တူနေသလိုဘဲ ခင်ဗျ။

လားဟူနိုင်ငံရေးပါတီကို တည်ထောင်ပေးတာ ဝ အမျိုးသား ဦးစောလူးဆိုတာ ကြားဖူးလားမသိဘူး။ ၁၉၈၈ စောမောင်အစိုးရတက်လာတယ်။ အဲ့ချိန်မှာနိုင်ငံရေးပါတီဖွဲ့ခွင့်ပေးတယ်။ နိုင်ငံရေးပါတီဖွဲ့ရင် ဓါတ်ဆီပေးမယ်။တယ်လီဖုန်းပေးမယ်လို့သူတို့ပြောတယ်။ဆိုတော့ မိသားစုတခုမှာနိုင်ငံရေးပါတီဖွဲ့တော့အဖေဥက္ကဋ္ဌအမေအတွင်းရေးမှူး အဲလိုတွေခေတ်စားတော့ အဲ့ချိန်မှာနိုင်ငံရေးပါတီပေါင်း ၃၀၀ နီးပါးရှိလာတယ်။ အဲ့ချိန်မှာ ဝ အမျိုးသားတွေလဲရှိသင့်တယ်ဆိုတော့ ဦးစောလူးက ဝ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဆိုပြီးဖွဲ့စည်းပေးလိုက်တယ်။ ဦးစောလူးမိန်းမကလားဟူ၊ သူအိမ်ပြန်ရောက်တော့ သူ့အမျိုးသမီးက **ရှင့် ဝအတွက်တော့ရှင်လုပ်ပေးတယ်။ လားဟူအတွက်တော့မလုပ်ပေးဘူး** စသဖြင့်ရန်တွေ့တော့ အဲ့ချိန်မှာနိုင်ငံရေးပါတီထောင်ခွင့်က ဒီဇင်ဘာလကနေ ၁၉၈၉ ဖေဖော်ဝါရီ ၂၉ ရက်နောက်ဆုံးသတ်မှတ်ထားတဲ့အတွက်အချိန်ကလဲနီးနေပြီ ၅ ရက်လောက်ဘဲလိုတော့တယ်။ အဲတော့လားရှိုး နမ့်မ လားဟူရွာက သိက္ခာရဆရာတော်နဲ့တိုင်ပင်ပြီး တော့ဖွဲ့လိုက်တာလူက ၇ ယောက် တောင်မပြည့်ဘူး။အဲ့ချိန်မှာကျနော်တို့ညီအကိုနှစ်ယောက်ရန်ကုန်မှာ။ အစ်ကိုကစစ်ထွက်အရာရှိအငြိမ်းစား၊ ကျနော်ကပညာရေးမှူး အငြိမ်းစား။ ကျနော်နိုင်ငံခြားသွားမလို့၊ ခရိယာန်ကျမ်းစာသင်ကျောင်းအတွက်၊ ဟိုနိုင်ငံမှာအက်မစ်ရှင်တောင်ရထားပြီးပြီ။ သူတို့ရန်ကုန်ကိုရောက်လာပြီး အကူအညီတောင်းတော့ ကျနော်တို့ငြင်းသေးတယ်။ ဒါပေမယ့် လားဟူအမျိုးသားရေးအတွက် မရှိမဖြစ်လို့ ကျနော်နိုင်ငံခြားသွားမယ့်ဟာကိုထားခဲ့လိုက်ရတယ်။ ပါတီထဲမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနေရာယူခိုင်းပေမယ့် ကျနော်နဲ့ကျနော့်အစ်ကိုကတွဲဖက် အတွင်းရေးမှူးနေရာဘဲယူလိုက်တယ်။ ဥက္ကဋ္ဌက ဦးအောင်သူ၊ အတွင်းရေးမှူးက ဦးမြင့်ဆွေ ။ ဖေဖော်ဝါရီလ ၂၆ မှာမှတ်ပုံတင်တော့ ၂၈ ရက်နေ့မှာ ကျလာတယ်။ ဆိုတော့ ဝ နဲ့ လားဟူဘဲကွာတယ်။ နာမည်အတူတူ ဖွဲ့စည်းပေးတဲ့ လူက တစ်ယောက်ထဲမို့လို့။

အဲ့ဆိုရင်အန်ကယ်အဲ့ချိန်မှာ ဘယ်မဲဆန္ဒနယ်မြေတွေမှာဝင်ပြိုင်ခဲ့တာလဲ။

၁၉၉၀ မှာကျနော် ပါတီ ဥက္ကဋ္ဌဖြစ်နေပြီ။ ကျနော်တို့ ၇ နေရာမှာဝင်ပြိုင်တယ်။ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပြင်း၊ ကျိုင်းတုံ၊ တာချီလိတ် မိုင်းဖြတ်၊ တန့်ယန်း။ ကျနော်က တာချီလိတ်မှာကျတယ်။ အဲ့ချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD က နိုင်သွားတယ်။ ကျနော်တို့ မနိုင်ဘူး။ အမတ် တနေရာရသွားတယ် မိုင်းပြင်းက။

ယနေ့ LNDP အပေါ်ကော ဘယ်လိုသုံးသပ် ပါသလဲ။

အခု သူ့ကိုနအဖက အတင်းပြန်ဖွဲ့ခိုင်းတယ်။ လွှတ်တော်နေရာရအောင်လုပ်ရမယ်။ သူတို့ဘယ်သွားသွား ထောက်လှမ်းရေး တွေ SB တွေလိုက်ပို့တယ်၊ လိုအပ်တဲ့အကူအညီပေးတယ်။ ဝန်ကြီး တနေရာပေးမယ်လို့ ပြောတယ်။ အခု LNDP ရဲ့ ဥက္ကဋ္ဌက ဂျဟားဆဲ။ သူကအရင်ကအတွင်းရေးမှူးဟောင်းဘဲ။ ၁၀ တန်းအထိနေခဲ့ဖူးတယ်။ ညောင်နှစ်ပင်ညီလာခံလဲ လားဟူအမျိုးသားတွေအတွက် လုပ်ပေးမယ် ပြောပြီးသွားတက်ဖူးတယ်။နအဖက သူ့ကိုပါတီဥက္ကဋ္ဌ တင်မြှောက်ထားတယ်။ ပြီးတော့ သူ့ကိုဝန်ကြီးနေရာပေးမယ်လို့ သတင်းတွေကြားရတယ်။ သူက လားရှိုး နမ့်မဇာတိ၊ အသက်က ၄၀ ကျော်။

၂၀၁၀ ရွေးကောက်ပွဲကနေ လားဟူအမျိုးသားတွေအတွက် ဘယ်လို အပြောင်းအလဲ လုပ်ပေးနိုင်မယ်လို့ မြင်ပါသလဲ။

ကျနော်ပြောဖူးတာတခုရှိတယ်။ လားဟူတွေဟာ အခုလောလောဆယ် ဖော်လီဘောဖြစ်နေတယ်။ အခုချိန်မှာ မြှောက်ပင့်ခံရတဲ့ အနေအထား။ ဘယ်ချိန်မှာ ပုတ်ချမလဲဆိုတာဘဲ စောင့်ကြည့်ရတော့မှာ။ အခုလားဟူတွေကိုမြှောက်ပင့်ပြီး သျှမ်းတို့ ဝ တို့ကိုတိုက်ခိုင်းမယ်။ ဒီရန်သူနှစ်ခုမရှိမှ လားဟူတွေပုတ်ချခံရမယ်။ အခုလောလောဆယ် လားဟူတွေကို လက်နက်ပေးပြီးအတင်းအကျပ် ခိုင်းစေနေတဲ့သဘော လို့ မြင်ပါတယ်။

လားဟူတွေကိုနိုင်းစားပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မပေးတဲ့အပေါ်ကိုကော မှတ်ချက်တခုခုပေးပေးပါ။

KMT အရေးကတည်းက လားဟူတွေကို အသုံးချလာတာ အခုထိပါဘဲ။ ကျနော်တို့ပြောချင်တာကတော့ အသုံးချသလောက် အခွင့်အရေးပေးသင့်တယ်။ ကောင်းကောင်းမွန်မွန်စောင့်ရှောက်သင့်တယ်။ ဒါပေမယ့် သူတို့ခုထိဘာမှမပေးဘူး။ ဒီကြားထဲသူတို့က ပြောတယ်။ ခင်ဗျားတို့ကို ဒီ့ထက်မကပေးဖို့ အစီအစဉ်ရှိတယ် တဲ့။ အစီအစဉ်ဆိုတဲ့နေရာမှာ ခုနကပြောသလို အရေးမပါလှတဲ့ ဝန်ကြီးတစ်နေရာ လောက်ချီးမြှင့်ချင် ချီးမြှင့်မှာပေ့ါလေ။

အခုချိန်မှာ လားဟူအမျိုးသားတွေအတွက်ရော သျှမ်းပြည်သားတွေအတွက်ရော SSC ဥက္ကဌအနေနဲ့ ဘယ်လိုသတိပေး စကားမှာကြားချင်ပါသလဲ၊

ကျနော်တို့ သျှမ်းပြည်ဟာ ဗမာစစ်တပ် ဝင်မလာခင်တုန်းက အရမ်းကိုအေးချမ်းသာယာခဲ့ပါတယ်။ တိုင်းရင်းသား အချင်းချင်းလဲ ချစ်ခင်ရင်းနှီးနေထိုင်ခဲ့ကြပါတယ်။

သျှမ်းပြည်ကို ပထမဆုံးတက်လာတဲ့ဗမာစစ်တပ်က တပ်မ ၉ ။ ကျိုင်းတုံကိုတက်လာတယ်။ အဲ့ချိန်ကတည်းက တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှုတွေ တခုပြီးတခုပျောက်ကွယ်သွားတယ်။ နောက်ပိုင်း တိုင်းရင်းသားအချင်းချင်း ခုတ်ခိုင်းတယ် သတ်ခိုင်းဖြတ်ခိုင်းတယ်။ လားဟူဆိုရင်လဲ ပညာတတ်နည်းတော့အခွင့်အရေးနဲနဲရရင် ဗမာတွေခိုင်းသလိုလုပ်ကြရင်းနဲ့ အခုဆိုရင် ဗမာ့ကျွန်လုံးလုံးလျားလျားဖြစ်သွားပါပြီ။ ရွေးကောက်ပွဲပြီးလို့ လားဟူတွေ ဝန်ကြီးနေရာရသွားတဲ့တိုင်ဘာမှ လုပ်ပိုင်ခွင့်ဆုံးဖြတ်ပိုင်ခွင့်ရှိမှာမဟုတ်ဘူး။ ဗမာခိုင်းတာ လုပ်ပေးနေရဦးမှာဘဲ။ အခုလဲ သျှမ်းပြည်မှာတိုင်းရင်းသား ၃၅ မျိုးရှိတယ်ဆိုတဲ့တိုင် ဗမာစစ်တပ်ထဲမှာ တိုင်းရင်းသားအရာရှိ တစ်ယောက်မှမရှိဘူး။ ဗိုလ်မှူးကြီးကနေဗိုလ်ချုပ်မှူးကြီးအထိ ဗမာဘဲရှိတယ်။ တိုင်းရင်းသားတွေကိုနိုင်စားတယ်။ ပြည်ထောင်စုခေါ်သည့်တိုင် နာမည်ဘဲရှိတယ်။ တကယ့်ပြည် ထောင်စုမဟုတ်ဘူး။ ဗမာနိုင်ငံဘဲ။ ဗမာနိုင်စားတဲ့နိုင်ငံဘဲဖြစ်တယ်။

ဥပမာ အခု လားဟူပြည်သူ့စစ်ကိုဘဲကြည့်။ တပ်ရင်းမှူးဆိုသည့်တိုင် သူ့အောက်မှာဗမာစစ်တပ်ကလာတဲ့ ဗမာဗိုလ်မှူးတစ်ယောက်ရှိတယ်။ အဲ့ဒီဗမာရဲ့စကားကိုဘဲနားထောင်နေရတာ။ ဘာမှဆုံးဖြတ်ပိုင်ခွင့်လုပ်ပိုင်ခွင့်မရှိဘူး။

မဟာဗမာတွေဟာမကောင်းတဲ့အကျင့်ရှိတယ်။ ယုံလို့မရဘူး။ လိမ်တတ်တယ်။ ကတိမတည်ဘူး။ ပြောတဲ့အတိုင်းမလုပ်ဘူး။ အချင်းချင်းကြားလည်း လေးစားသမှုမရှိဘူး။ တဦးလုပ်ဆောင်ချက်ကို တဦးက အသိအမှတ်မပြုဘူး။ ခိုင်းကောင်းတုန်းကလုပ်ခိုင်းပြီး ပြဿနာပေါ်လာရင်၊ စိတ်ကြိုက်မဖြစ်ရင် ကိုယ်လွတ်ရုန်းရှောင်တဲ့ အကျင့် ဗမာတွေမှာစွဲနေပြီ။

တာချီလိတ်မှာတိုင်းမှူးတစ်ယောက်က လမ်းမကြီးအလယ်ကြောမှာဝေဝေဆာဆာဖြစ်အောင်ပန်းတွေစိုက်ခိုင်း။ နောက်တစ်ယောက်တက်လာတော့–အဲလောက်လမ်းကျဉ်းတာနင်တို့က ပန်းစိုက်သေးတယ်ဆိုပြီးပြန်ဖျက်ခိုင်း၊ အဲလိုဘဲနေဝင်းလုပ်ထားတာ စောမောင်ဖျက်၊ စောမောင်၊ခင်ညွန့်လုပ်ထားတာ သန်းရွှေဖျက်။ တယောက်ကလက်နဲ့ရေးထားတာကိုနောက်တစ်ယောက်ကခြေထောက်နဲ့ပြန်ဖျက်တတ်တဲ့ဗမာတွေရဲ့အကျင့်လဲရိုးနေပြီ။ ကြားထဲလူထုချည်းဘဲခံရတယ်။

ဒီတော့ SSC မှာပါတဲ့ တိုင်းရင်းသား ၁၅ မျိုးကြံ့ကြံ့ခိုင်စုစည်းပြီးတိုက်ခိုက်မှသာလျှင်လွတ်မြောက်နိုင်မယ်။ ဗမာစစ်အစိုးရက နိုင်ငံရေးအရဆွေးနွေးမယ်။ တိုင်းရင်းသားတခုစီအခွင့် အရေးတွေရမယ်ဆိုပြီးခေါ်မှ၊ ကုလဖြစ်ဖြစ်၊ အင်အားကြီးနိုင်ငံဖြစ်ဖြစ် စာချုပ်စာတမ်းနဲ့တကွ ကြားဝင်သက်သေလုပ်ပေးမှသာလျှင်ကျနော်တို့လက်ခံနိုင်မယ်။

သျှမ်းသံတော်ဆင့်
30/09/2010

ဒူးထောက်ကြမှာလား

နအဖ ရဲ့ ရှင်းရှင်းလေးညစ်ပါတ်ထားတဲ့ ရွေးကောက်ပွဲ ဥပဒေဟာ ဒေါ်စုနဲ့အတူ စစ်အာဏာရှင်စနစ်ဆန့်ကျင်သူမှန်သမျှကို ဖယ်ထုတ်ပစ်ထားတယ်။

ဒီလိုဥပဒေအောက်ကို နောက်မဆုတ်တမ်းဝင်အရွေးခံကြမယ့်နိုင်ငံရေးပါတီတွေဟာ တိုင်းပြည်ကြီးကိုလက်နက်အားကိုးနဲ့အနိုင်ကျင့်ခံနေရတဲ့ဘဝကနေ လွတ်မြောက်ရေးခံယူချက်ရှိသူတွေနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံရေးပါတီဟုတ်မဟုတ်သမိုင်းကအဖြေတိတိကျကျပေးလိမ့်မယ်။

နအဖက အတိတ်သမိုင်းကိုသုံးသပ်ပြီး ပြတ်ပြတ်သားသား ညစ်ပါတ်အနိုင်ကျင့်ထားတယ်လို့မြင်တယ်။

၉၀ ရွေးကောက်ပွဲဟာ ဒေါ်စုလို တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်တွေနဲ့ဖွဲ့စည်းထားတဲ့ (ဒီချုပ်) ပါတီမျိုးတွေအနိုင်ရခဲ့တာကို လက်တွေ့ရင်ဆိုင်ခဲ့ရတဲ့ နအဖဟာ ၂၀၁၀ ရွေးကောက်ပွဲဥပဒေထုတ်ပြီး တိုင်းပြည်ကို အစစ်အမှန်ချစ်တဲ့ နိုင်ငံရေးသမားတွေကို ပြည်သူလူထုက မဲပေးပြီး ရွေးကောက်တင်မြောက်လို့မရအောင်လုပ်လိုက်တာပဲ။ အဲဒီတော့ ရင်ကော့မဝင်ရ ခေါင်းငုံ့ပြီးဝင်ခဲ့၊ အနိုင်မယူနိုင်သူကို ပြိုင်ခွင့်ပေးမယ် ဆိုတဲ့ ဥပဒေအောက်မှာ ခင်ဗျားတို့ဒူးထောက်ကြမှာလား။

ဟိန်းနိုင်
13/09/2010

အဆိုအမိန့်

စစ်အုပ်စုပေးတဲ့အတုအယောင်ထဲမပါတာ အမျိုးသားရေးအတွက် ပြတ်သားစွာတိုက်နိုင်

Photo : SHAN

ခွန်ဥက္ကာ

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူမျိုးစုသတ်မှတ်ချက်နဲ့ပါတ်သက်တဲ့အဆိုကိုကြည့်ရင် ၆ ချက်လောက်တွေ့ရတယ်။ လားဟူကိုကြည့်မယ်ဆိုရင် လူမျိုးစုသတ်မှတ်ချက်နဲ့ကိုက်ညီတာတွေ့ရတယ်။ သီးခြားယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ နောက်ခံယဉ်ကျေးမှု၊ သီးခြားပြောဆိုတဲ့စကား၊ ရေးသားတဲ့စာပေ၊ နောက်ပြီးတော့သီးခြား စီးပွါးရေးရပ် တည်နိုင်တဲ့ကဏ္ဍရှိတယ်။ လူမျိုးတစ်မျိုးရဲ့လက္ခဏာနဲ့ပြည့်ပေမယ့် လားဟူကိုသျှမ်းပြည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအရနအဖသတ်မှတ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစာရင်းထဲမှာမပါဘူး။ မပါတဲ့ကိစ္စစုံစမ်းကြည့်တော့အချက် ၂ ချက်တွေ့ရတယ်။ နအဖအကြောင်းပြထားတာက မြို့နယ်တမြို့နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပေးမယ်ဆိုရင် အဲဒီမြို့နယ်ရဲ့လူဦးရေထက်ဝက်ကျော်ရှိတဲ့လူမျိုး ဖြစ်ရမယ်ဆိုတဲ့ အချက်ပါတယ်။ ဒါပေမယ့် မိုင်းတုံမိုင်းဆတ်မှာ လားဟူတွေအနေများတယ်ဆိုပေမယ့် အဲ့ဒီမြို့နယ်လူဦးရေရဲ့ ထက်ဝက်မကျော်ဘူးလို့ သူတို့ပြောတယ်။ ဆိုတော့ အဲဒီမြို့နယ်တွေဟာ လားဟူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေသတ်မှတ်ဖို့ခက်တယ်။ မြို့နယ်အနဲဆုံး ၂ ခု ၃ ခုဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြို့နယ် ၃ ခုအထက်၊ ၄–၅ ခု ဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဆိုပြီးတော့ ၂ မျိုးခွဲထားတာ တွေ့ရတယ်။ ခွဲပြီး သတ်မှတ်တဲ့အထဲမှာလားဟူကမပါပြန်ဘူး။ ဒါပေမယ့် သတ်မှတ်ပေးထားတဲ့ တခြားတိုင်းရင်းသားတွေဘက်ကပြန်ကြည့်လို့ရှိရင် ပအိုဝ်း၊ ပလောင်၊ ဓနု၊ ဝ၊ နာဂ တို့ကိုပေးထားတာ အတုအယောင်တွေဖြစ်တယ်။ တကယ့်စစ်မှန်တဲ့အုပ်ချုပ်ခွင့်အာဏာ၊ စစ်မှန်တဲ့တိုင်းရင်းသားအခွင့်အရေးတွေမပါတဲ့ခါကျတော့ မထူးဘူး။ ဒါကြောင့် လားဟူတွေကိုကျနော်ပြောတာ နှစ်သိမ့်တာက ဒီအတုအယောင်ရတဲ့အထဲ မပါတာပိုတောင်ကောင်းသေးတယ်။ လားဟူအမျိုးသား၊ လားဟူနယ်မြေအခွင့်အရေးအတွက်တိုက်ပွဲဝင်တဲ့နေရာမှာ ကောင်းကောင်းတိုက်လို့ရတယ်။ ဒီအတုအယောင်တွေရထားတဲ့လူတွေအတွက်တော့ ဆက်တိုက်မယ်ဆိုရင်လဲ အတုအယောင်ကရနေတော့ ပိုတောင်ခက်ခဲတယ်။ ဒါကြောင့် လားဟူခေါင်းဆောင်တွေကို နအဖပေးတဲ့အတုအယောင်ထဲမှာမပါတော့ ပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်းလုပ်လို့ရတယ်လို့အကြံပေးထားတယ်။

ရွေးကောက်ပွဲက နအဖဒေါက်တိုင် ကြံ့ဖွံ့ပါတီအနိုင်ရရေးလုံးလုံးလျားလျားရာခိုင်နှုန်းပြည့်လုပ်ထားတဲ့ဥပဒေ၊ တဘက်သတ်ရွေးထားတဲ့ရွေးကောက်ပွဲကော်မရှင်၊ တဖက်သတ်လုပ်ထားတဲ့ဥပဒေတွေဖြစ်နေတော့နအဖအတွက်၊ ကြံ့ဖွံ့ပါတီတွေအတွက်အင်မတန်မှကောင်းပြီးတရားတဲ့ဥပဒေလို့ပြောနိုင်တာပေ့ါ၊ ဒါပေမယ့်ကြံ့ဖွံ့ပါတီကလွဲလို့ ကျန်တဲ့တိုင်းရင်းသားပါတီ နိုင်ငံရေးပါတီတွေအတွက် ဒီဥပဒေက ဘက်လိုက်ထားတော့ လုံးဝတဖက်သတ်အနိုင်ရရှိရေးအတွက်ဥပဒေမျိုးဖြစ်တယ်လို့ ကျနော်မြင်တယ်။ ဒါကြောင့် နအဖထောက်ခံမှုရထားတဲ့ ကြံ့ဖွံ့ပါတီအနေနဲ့ ၇၅ ရာခိုင်နှုန်းထဲက ၉၀ ရာခိုင်နှုန်း (ရာခိုင်နှုန်းအများဆုံးစု) ယူထားတဲ့အတွက် ကြံ့ဖွံ့စစ်တပ်တွဲပြီး အုပ်ချုပ်သွားမယ့်စနစ် ကျနော်တို့တွေ့ရတယ်။ အခုရွေးကောက်ပွဲဝင်မယ့်တိုင်းရင်းသားနိုင်ငံရေးပါတီတွေဟာ အနိုင်ရဖို့လမ်းမရှိဘူး။ အင်အားကောင်းကောင်းနဲ့နေရာရဖို့အလားအလာမရှိဘူး၊ ဝိုင်းဖြည့်ပေးတဲ့အနေနဲ့လူမျိုးတမျိုးစီ တယောက်စ နှစ်ယောက်စအဲလိုမျိုးတော့ရနိုင်တယ်။အဲဒီရတဲ့ ၁ ဦး ၂ ဦးကလဲ ပြည်ထောင်စုလွှတ်တော်ထဲရောက်သွားရင်လက်ညှိုးထောင်ခေါင်းညိတ်တဲ့လူတွေ၊ နအဖစီမံချက်အတိုင်းဘဲသွားမယ့်လူတွေဖြစ်တယ်လို့ ကျနော်မြင်တယ်။

အခုတရားရုံးချုပ်အခြေအနေကလဲ အာဏာသိမ်းအစိုးရလက်ထက်ဖြစ်တဲ့အတွက် အုပ်ချုပ်ရေးအာဏာ တရားစီရင်ရေးအာဏာ၊ဥပဒေပြုအာဏာ အာဏာ ၃ ရပ်စလုံးစစ်တပ်ကဘဲကိုင်ထားတယ်။ လောလောဆယ်တော့ ကောင်စီပေ့ါ။ SPDC ကောင်စီကဘဲဒီအာဏာ ၃ ခုစလုံးကို ကိုယ်စားပြုပြီးကိုင်ထားတဲ့အတွက်ကြောင့်လွတ်လပ်တဲ့တရားစီရင်ရေးစနစ် မရှိဘူး။ မရှိတဲ့အခါကျတော့ တရားစီရင်ရေးစနစ်သည်ပင်လျှင် စစ်အာဏာလက်အောက်မှာရှိနေတယ်။ အထက်တန်းတရားရုံးတို့ အယူခံရုံးတို့ (မည်သည့်အဆင့်မြင့်တရား

စာမျက်နှာ 35 သို့

သူတို့အမြင်

ရွေးကောက်ပွဲမတိုင်ခင် အပစ်ရပ်တွေကို တိုက် – မတိုက်

နိုဝင်ဘာ ၇ ရက်မှာ ကျင်းပမယ့်ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၄၀ ကျော်လောက်မှာဗိုလ်သန်းရွှေစစ်အုပ်စုကရွေးကောက်ပွဲမကျင်းပတဲ့ ၃၃ မြို့နယ်ကို ထုတ်ပြန်ကြေငြာလိုက်ပါတယ်။ သျှမ်းပြည်မှာ ၁၂ ခုပါဝင်ပါတယ်။ အဲဒီမြို့နယ်တွေကတော့ ဝ နယ် ၆ မြို့နယ်၊ မိုင်းလားတမြို့နယ်အပြင် မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းခတ်၊ မိုင်းဆတ်၊ မိုင်းတုံတို့ပါဝင်ပါတယ်။ အပစ်ရပ်နယ်မြေတွေမှာ ရွေးကောက်ပွဲမလုပ်ဘူးလို့တဘက်ကကြေငြာထားပြီး နောက်တဘက်မှာလဲအပစ်ရပ်နယ်မြေတွေဆီ စစ်တပ်အင်အား ပိုမိုတိုးချဲ့လှုပ်ရှားလာနေပါတယ်။

အပစ်ရပ်တပ်ဖွဲ့တချို့နဲ့ လက်တွဲတိုက်ပွဲဝင်ခဲ့ဖူးတဲ့ အသက် ၄၀ ကျော်တော်လှန်ရေးသမားဟောင်း၊ သျှမ်းပြည်မြောက်ပိုင်းနေထိုင် သူ စိုင်းအောင်က –

“စက်တင်ဘာလလယ်လောက်က နည်းဗျူဟာ ၁ ခု တပ်ရင်းသုံးရင်းကတန့်ယန်းကနေ ဝနယ်စပ်မန်းဆိုင်ဖက်ပို့လိုက်ပြီ။ တန့်ယန်းမှာလဲတပ်ရင်း ၇ ရင်းဆိုတော့ ဝမြောက်ပိုင်းနယ်မြေမှာကပ်နေတဲ့နအဖတပ်အင်အားက တပ်မတခုစာလောက်ရှိတယ်၊ နောက်တခုထူးခြားတာကအရင်တုံးကကိုးကန့်မှာသုံးတဲ့ခဲ့တဲ့ တပ်မ ၃၃၊ ၉၉ ရှိတယ်၊ ၉၉ ရဲ့နည်းဗျူဟာနှစ်ခုက လက်တွေ့မှာပျောက်နေတယ်။ ဘယ်ရောက်နေမှန်းမသိဘူး၊ ပြန်သွားတာလား ဝ နယ်ဘက်ဘဲတိုးနေလား။ လိုအပ်လို့ရှိရင်တပ်မတခု ဆွဲတက်ဖို့ ရှိတယ်လို့ကြားတယ်” ။

နအဖစစ်တပ်မှ စစ်အင်အားဖြည့်တင်းမှုများပြုလုပ် နေသည့်တိုင်အောင် ဝ ဒေသတစ်ခုလုံးကို ထိုးစစ်ဆင်တိုက်ခိုက်နိုင်သည့်အနေအထားမဟုတ်သေးကြောင်း အပစ်ရပ် ၄ ဖွဲ့ ပူးပေါင်းထားသည့် PDF တပ်ပေါင်းစုမှ တာဝန်ရှိသူတစ်ဦးက–

“ဝ နယ်တစ်ခုလုံးကို တိုက်နိုင်တဲ့ အနေအထားတော့ မဟုတ်ဘူး။ သူတို့လုပ်ချင်ရင် နယ်စပ်နဲ့ ဝေးတဲ့ အတွင်းပိုင်းတနေရာလောက်ကို ဝင်သိမ်းတာမျိုးလုပ်နိုင်တယ်” လို့ သုံးသပ်ပြောဆိုပါ တယ်။

ဝ ထိန်းချုပ်နယ်မြေ မြို့နယ် ၄ ခုအပြင် ဟိုပန်နဲ့ မက်မန်း ကိုပါရွေးကောက်ပွဲနယ်မြေကနေထုပ်ပါယ်လိုက်တဲ့အပေါ် ဝ နဲ့ နအဖစစ်တပ်ကြားထိုးစစ်ဆင်တိုက်ခိုက်နိုင်ဖွယ်ရှိမရှိကိုလဲ စိုင်းအောင်က အခုလိုပြောပါတယ်။

“ ဝ ထိန်းချုပ်နယ်မြေအားလုံးကိုဘဲဖြစ်ဖြစ် အပစ်ရပ်ထိန်းချုပ်နယ်မြေတွေအားလုံးကိုဘဲဖြစ်ဖြစ် တိုက်ပွဲဖြစ်နိုင်မယ့်အင်အားမဖြစ်သေးဘူးလို့ ယူဆပါတယ်။ ရွေးကောက်ပွဲမတိုင်မီ တိုက်ပွဲဖြစ်နိုင်မလားဆိုတဲ့အပေါ်မှာတော့ အပစ်ရပ်နယ်မြေတွေရဲ့အတွင်းပိုင်းကျတဲ့ စခန်းတွေကိုတော့တိုက်ကောင်းတိုက်နိုင်ပါတယ်။ ဗိုလ်သန်းရွှေ တရုတ်ပြည်ကပြန်လာပြီးနောက်ပိုင်း အစီစဉ်ကျကျလုပ်ဆောင်နေမှုဟာ အပစ်ရပ်တွေကို ၁၉၈၉ အပစ်ရပ်ငြိမ်းချမ်းရေးယူစဉ်က ကာလမျိုးအခြေအနေမဟုတ်တော့ဘူးဆိုတာကိုလက်တွေ့အကောင်အထည် ဖော်နေတာလဲဖြစ်နိုင်ပါတယ်။ နောက်ပိုင်းမှာ မတရားအသင်းကြေငြာလာမယ်၊ ဆက်ဆံရေးတွေ လျှော့ချလိုက်မယ်၊ နောက်ပိုင်းစစ်ရေးအရ အရေးယူမှုစတာတွေ လုပ်လာနိုင်တယ် လို့ ယူဆရပါတယ်”

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်က ပြန်လာပြီးနောက်ပိုင်း အပစ်ရပ်တွေရဲ့အသွားအလာကို နအဖကအစီအစဉ်ရှိရှိနဲ့ပိုမိုကန့်သတ်လာနေပါတယ်။ အပစ်ရပ်တွေနဲ့ နအဖ စစ်ရေးအခြေအနေကို မျက်ခြေမပျက်စောင့်ကြည့်လေ့လာတဲ့ ဝ အမျိုးသား စိုင်းရှဲန်ဂျင့် က အခုလိုပြောပါတယ်။

“နှစ်ဘက်ရဲ့လှုပ်ရှားမှုအပေါ်မှာရော လူထုရဲ့ထင်မြင်သုံးသပ်ချက်အပေါ်မှာပါကောက်ချက်ချရရင် ရွေးကောက်ပွဲမတိုင်မီ တိုက်ပွဲဖြစ်ဖို့အရမ်းအလားအလာနည်းနေပါတယ်။ နအဖဘက်က အကြောင်းပြတာကတော့ တိုင်းရင်းသားနယ်မြေတွေမှာ၊ အထူးသဖြင့်

အပစ်ရပ်နယ်မြေတွေမှာရွေးကောက်ပွဲလုပ်ရင်လွတ်လပ်မှု၊ တရားမျှတမှုရှိမှာမဟုတ်တဲ့အတွက်ကြောင့်မို့လို့ ပါယ်ထုတ်လိုက်တာဖြစ်တယ်လို့ပြောပါတယ်။ အမှန်ကတော့ အရမ်းဟာသမြောက်တဲ့ ပြက်လုံးပါ။ သူတို့အဲ့မှာသွားပြိုင်ရင်အရှုံးကြီးရှုံးမယ်၊ ဘယ်လိုမှနိုင်ဖို့နည်းလမ်းမရှိလို့ သူတို့သွားမလုပ်တာဖြစ်တယ်။ နောက်တခုက ဗိုလ်သန်းရွှေကတရုတ်ကအပြန် ရခိုင်နဲ့ချင်းကလွဲလို့ တိုင်းရင်းသားအပစ်ရပ်ဒေသ ၅ ခုရဲ့တချို့မြို့နယ်တွေမှာ ရွေးကောက်ပွဲနယ်မြေကပါယ်ဖျက်လိုက်တယ်လို့ ကြေငြာသလိုNLD အပါအဝင် တခြားသော တိုင်းရင်းသားနိုင်ငံရေးပါတီတွေကို ဖျက်သိမ်းလိုက်တာဟာ သူ့တောင်းဆိုချက်ကိုတရုတ်ကမီးစိမ်းပြလိုက်သလို သူလုပ်ပြနေတယ်၊ ဒါပေမယ့်တရုတ်ကလာတဲ့တခြားသောဆို့စ်တွေအရ သူဟာတရုတ်ကို တီးခေါက်ကြည့်သလိုလိုနဲ့ တောင်းဆိုတယ်၊ သို့ပေမယ့်တရုတ်ဘက်က သူ့တောင်းဆိုချက်ကို မတင်မကျဘဲအဖြေပေးလိုက်တယ်၊ ဒါကိုသူက တရုတ်ကသူ့ကိုမီးစိမ်းပြလိုက်တယ်လို့ကမ္ဘာကမြင်အောင်မျက်လှည့်ပြလိုက်တာဖြစ်တယ်၊ တရုတ်ပေးတဲ့အဖြေအပေါ်မှာကြည့်ရင်လဲ တိုက်ပွဲဖြစ်ဖို့ဆိုတာ ရွေးကောက်ပွဲမတိုင်ခင်မှာ အလားအလာနဲ့ပါတယ်"

ဝ၊ မိုင်းလား၊ ကချင် နဲ့ သျှမ်း ၄ ဖွဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးအဖွဲ့ရဲ့ သဘောတူညီချက်အရနအဖနဲ့တိုက်ပွဲဖြစ်လာရင် အပြန်အလှန်အကူအညီပေးဖို့ဆိုတဲ့အချက်ကြောင့် တဖွဲ့ထဲကိုနအဖကထိုးစစ်ဆင်လို့ရမှာမဟုတ်တဲ့အနေအထားမျိုးတွေ့ရတယ်လို့ စိုင်းအောင်ကဆက်ပြောပါတယ်။

သို့ပေမယ့် အဲလိုမဟာမိတ်အဖွဲ့တွေရှိနေပေမယ့် ကိုးကန့်တိုက်ပွဲတုန်းက တိုက်ပွဲပြီးသည်အထိ ဘယ်မဟာမိတ်အဖွဲ့ မှ ကိုးကန့်ကို ဝင်ရောက်ကူညီတာမရှိခဲ့ပါဘူး။ ဒီကိစ္စမှာလဲ တရုတ်ကြောင့်မို့လို့ မဟာမိတ်အဖွဲ့က ဝင်မကူနိုင်တာဖြစ်ကြောင်း စိုင်းအောင်က ရှင်းပြပါတယ်။

"အမှန်ကကိုးကန့်တိုက်ပွဲ ၃ ရက်ခရီးမှာကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်းကို တရုတ်တွေကထိန်းချုပ်ဟန့်တားထားတဲ့အတွက် ဝတပ်ဖွဲ့က ကူညီဖို့အသင့်ရောက်နေပေမယ့် တရုတ်က သူကိုယ်တိုင်ဖြေရှင်းပေးမယ်ဆိုပြီး ကိုးကန့်နယ်ထဲပေးမဝင်တာကြောင့် မကူနိုင်ခြင်းသာဖြစ်တယ်။"

အပစ်ရပ် ဝတပ်ဖွဲ့နဲ့ နအဖစစ်တပ်အကြားစစ်ရေးပြင်ဆင်မှုနဲ့ပါတ်သက်ပြီးတော့လဲ သျှမ်းပြည်စစ်ရေးအခြေအနေ မျက်ခြေမပြတ်အနီးကပ်စောင့်ကြည့်လေ့လာတဲ့ စိုင်းရဲန်ဂျင့်က –

"နှစ်ဘက်စလုံး အဆင်သင့်အင်အားဖြည့်ထားတယ်။ သံလွင်အရှေ့ဘက်ခြမ်း နအဖထိန်းချုပ်တဲ့ တပ်စခန်းကြီး လွယ်ပန်လုံ၊ ဝ ထိန်းချုပ်တဲ့ ခံတပ်ကြီးလွယ်ပန်ဖုံဆိုတာရှိတယ်။ စားနပ်ရိက္ခာပိုဖြည့်ထားတယ်။ မိုင်းလားနယ်မြေဘက်မှာတော့ သျှမ်းပြည်ရဲ့ ဒုတိယအမြင့်ဆုံးတောင် မွမ့်ပန်နောဝ်တောင်မှာ နှစ်ဘက်မျက်နှာခြင်း ဆိုင်ခံတပ်ရှိတယ်၊ မိုင်းလားက နအဖကိုရုပ်ခိုင်းလဲမရုပ်ဘူး၊ နအဖက မိုင်းလားကိုရုပ်ခိုင်းလဲမရုပ်ဘူး။ နှစ်ဘက်စလုံး အင်အားထပ်ဖြည့်နေတယ်၊ မရုပ်ရင်တိုက်မယ်ခိုက်မယ်ဆိုတာမျိုးမပြောသေးဘူး "

နယ်ခြားစောင့်တပ်အသွင်ပြောင်းဖွဲ့စည်းရေးနှင့် လက်နက်စွန့်ရေးကိစ္စ စက်တင်ဘာလ ၁ ရက်နေ့နောက်ဆုံးထားအကြောင်း ပြန်ရန် နအဖစစ်တပ်၏ရာဇသံကို အပစ်ရပ်များကငြင်းပယ်ပြီးနောက် အခုလို စစ်ရေးအခြေအနေ တင်းမာလာတာဖြစ်ပါတယ်။

သျှမ်းသံတော်ဆင့်
24/09/2010

စာမျက်နှာ 33 မှ

ရှုံးပင်ဖြစ်စေကာမူ) လွတ်လပ်တဲ့တရာစီရင်ရေးမရှိတဲ့အခါကျတော့ တရားစီရင်ရေးက စစ်အုပ်စုရဲ့ပေါ်လစီနောက်ကို အမြဲတမ်းလိုက်နေရတယ်။ ဆိုတော့ပုံပျက်ပန်းပျက်ဖြစ်လာတယ်။ ဗမာပြည်မှာ တရားဥပဒေ စိုးမိုးမှုမရှိဘူး။ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်မရှိဘူးဆိုတာဖြစ်လာတယ်။ ရွေးကောက်ပွဲပြီးရင်တော့ ၂၀၀၈ ဖွဲ့စည်းပုံနဲ့အခြေခံထားတဲ့ ဥပဒေနဲ့အညီတရားရုံးစနစ်တို့၊ ဥပဒေပြုလွှတ်တော်စနစ်တို့ဖော်ထုတ်မှာ။ အဲလိုဖော်ထုတ်တဲ့နေရာမှာအနှစ်သာရက မပြောင်း ဘူး။ အပေါ်ယံကတော့ ဥပဒေကိုလွှတ်တော်က ပြုလိုက်ပြီ။ တရားစီရင်ရေးကို လွှတ်တော်ချုပ်ကလုပ်လိုက်ပြီစသဖြင့် မျက်နှာဖုံးထဲ့နိုင်တယ်။ သို့သော်လည်း အနှစ်သာရကတော့ အုပ်ချုပ်တဲ့စစ်အာဏာရှင်နဲ့ သူ့ပါတီရဲ့ပေါ်လစီကိုဘဲ အာမခံမယ့်တရားရုံးတွေဆက်ဖြစ်နေဦးမှာ။ နာမည်ခံကပြောင်းပေမယ့် အနှစ်သာရအားဖြင့်လွတ်လပ်တဲ့တရားစီရင်ရေးစနစ်ရှိလာမှာမဟုတ်ဘူးလို့ကျနော်ကြိုပြောနိုင်ပါတယ်။

ခွန်ဥက္ကာ 1/10/2010

စာမျက်နှာ 22 မှ

ဦးစိုးပိုင်မြင့်လို အာဏာပြနိုင်လိုထက်စီး အထက်ဖားအောက်ဖိလူမျိုးသည် အသားစားကျားလို ဖြစ်နေသည်။ အသားစားကျားပေါက်တို့အားမထိန်းကျောင်းနိုင်လျှင် ကြီးလာသောအခါယ်စဉ်ကထက်ပိုမိုဆိုးသွမ်း အသားစားကြူးလာလျှင် အားလုံးဒုက္ခရောက်တတ်သည်။ အစားကြူးသောကျားအား ထိန်းကျောင်း ဖို့အထက်အရာရှိကြီးများတွင်တာဝန်ရှိသည်ဟု ယူဆသည်။

၎င်းကို ဆက်လက်လွှတ်ထားပါက ၎င်းအားငွေမပေးကမ်းနိုင်သောဝန်ထမ်းများ၊ ပြည်သူများနစ်နာဖွယ်သာရှိကြောင်းခံစားရသူများမှ ပြောကြားလာသောကြောင့် လဝကပြည်နယ်မှူး ဦးစိုးပိုင်မြင့်အပေါ်စုံစမ်းမှုများပြုလုပ်သင့်လှသည်ဟု ယူဆမိပါသည်။

(တပြည်လုံးရှိဝန်ထမ်းများ၊ပြည်သူများသည် ရာထူးကြီးမားသည့် အရာရှိကြီးများ၏မတရားလုပ်ရပ် အဖြစ်မှန်ကိုမည်သူမျှတင်ပြရဲခြင်းမရှိသည်ကို သတိချပ်စေလိုပါသည်။ သျှမ်းသံတော်ဆင့်မှတဆင့်အများပြည်သူသိရှိစေရန် တင်ပြအပ်ပါသည်။)

ဖြစ်ရပ်မှန် တင်ပြသူ တစ်ဦး
11 September 2010

ရွေးကောက်ပွဲနဲ့ အပစ်ရပ်ကိစ္စ

စိုင်းလွန်းငွေ (ရွှေလီချိုင့်ဝှမ်း)

ရွေးကောက်ပွဲနဲ့ အပစ်ရပ်ကိစ္စ၊ ဗိုလ်သန်းရွှေစစ်အုပ်စုက ဘယ်ဟာကို ဦးစားပေးရှေ့တန်းတင်သလဲ၊ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကို စစ်အုပ်စုရဲ့လုပ်ရပ်တွေက အဖြေပေးပြီးသားဖြစ်ပါတယ်။

အပစ်ရပ်တပ်ဖွဲ့တွေကို ဗိုလ်ရဲမြင့်တို့ဘယ်လိုနည်းနဲ့ဘယ်နှစ်ခါ ဒက်လိုင်းပေးပေး၊ ဘယ်လောက်ဘဲ ရာဇသံပေးခြိမ်းခြောက် ခြိမ်းခြောက်၊ ကချင်၊ ဝ နဲ့ မိုင်းလားတပ်ဖွဲ့တို့ ဘာမှမဖြုံဘဲတင်းခံနေတာကို ရှေ့မျက်နှာနောက်ထားပြီး စစ်အုပ်စုဘာမှမလုပ်သေးတဲ့ အကြောင်းရင်းက ၄– ၅ ချက် ရှိတယ်လို့ဆိုရင် မှားမယ်မထင်ပါ။

(၁) နိုင်ငံရေးပို စစ်ရေးရှုံနည်းနဲ့ အပစ်ရပ်တွေထဲ သပ်လျှိုစည်းရုံးတဲ့နည်းဗျူဟာတွေ သုံးနေပါတယ်။ အပစ်ရပ်မြောက်ပိုင်း SSA-N ၂ ပိုင်းကွဲသွားတဲ့အဖြစ်က စစ်အုပ်စုရဲ့ စစ်မတိုက်ရဘဲရလိုက်တဲ့ အောင်မြင်မှု အကျိုးအမြတ်အချို့ ဖြစ်ပါတယ်။

(၂) ရွေးကောက်ပွဲလဲ အနှောင့်အယှက်မရှိ ချောချောရှုရှုလုပ်နိုင်မယ်။ အပစ်ရပ်တွေကိုလည်း စစ်ရေးနည်းနဲ့ အပြတ်ရှင်းနိုင်တယ်။ ၂ ခုလုံးကိုပြိုင်တူတခါတည်းလုပ်နိုင်တယ် ဆိုတဲ့အနေအထားနဲ့ အင်အား စစ်အုပ်စုမှာ မရှိပါဘူး။ အဆင်သင့်မဖြစ်သေးဘူး။ ဦးစားပေး အဆင့် ၁–၂–၃ (သို့မဟုတ်) Plan A-B-C အစီအစဉ်အတိုင်းဘဲသွားမယ်လို့ ယူဆရတယ်။

(၃) စစ်အုပ်စုရဲ့ ၂၀၀၈ နားဂစ်ဖွဲ့စည်းပုံ ပြဋ္ဌာန်းချက်အရ အပစ်ရပ်ကိစ္စက နောက်ဆက်တွဲကိစ္စဖြစ်တယ်။ လက်နက်ကိုင်တပ်အားလုံး ကာကွယ်ရေးဦးစီးချုပ်အောက်မှာ ရှိရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်ဖြစ်တယ်။ (ဒီကိစ္စမှာ – ဗမာဥပဒေပညာရှင်တွေက မဟာလူမျိုးကြီးဝါဒအခြေခံနဲ့ရေးတာလား၊ တိုင်းရင်းသားသွေးခွဲရေးဝါဒနဲ့ရေးတာလား ၊ ဗိုလ်သန်းရွှေစစ်အုပ်စုကိုတဖက်လှည့်နည်းနဲ့ပညာပြတာလားတော့ မသိပါ။ သုံးခုစလုံးဖြစ်နိုင်ပါတယ်။) အပစ်ရပ်ကိစ္စကို (မလိမ့်တပတ်လက်ဝါးကြီးအုပ်) ရွေးကောက်ပွဲဖြတ်သန်းပြီး ဥပဒေအကြောင်းအရ အာဏာရလာမယ့် အရေခြုံအရပ်သားအစိုးရက ကိုင်တွယ်ရမယ်။ စစ်ရေးနည်းအဓိကထားပြီး အပြတ်ကိုင်ရင်ပြည်တွင်းစစ်မီး ပြန်ပြီး တောက်လောင် မှာသေချာပါတယ်။

(၄) ၁၉၉၀ရွေးကောက်ပွဲတုန်းကတစည NUP ဟာဗိုလ်နေဝင်းအတွက် ထွက်ပေါက်နဲ့အသက်ဆက်ပွဲဖြစ်ဖို့ စီမံဖန်တီးခဲ့ပေမယ့် ခုတ်ရာတခြားရှရာတခြားဖြစ်ခဲ့တာကို ဗိုလ်သန်းရွှေက တခါသေဖူးပျဉ်ဖိုးနားမ လည်သေးဘူး။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ကြံ့ဖွံ့ပါတီ USDP လဲဘဲ ဗိုလ်သန်းရွှေရဲ့ထွက်ပေါက်နဲ့ အသက်ဆက်ပွဲအတွက် စနစ်တကျ ပြင်ဆင်ထားတယ်။

၁၉၄၇ ဖားတပိုင်း ငါးတပိုင်း ပြည်ထောင်စုဖွဲ့စည်းပုံနဲ့ ၁၉၇၄ မဆလ တပြည်ထောင်ဖွဲ့စည်းပုံတွေလောက်တောင် နိုင်ငံရေးလွတ်လပ်ခွင့်(တိုင်းရင်းသားပိုယ်ပိုင်ပြဋ္ဌာန်းခွင့်) မရှိတဲ့ တကယ့်ပြည်ထောင်စုအတုအယောင် ၂၀၀၈ ဖွဲ့စည်းပုံကို ဗိုလ်သန်းရွှေစစ်အုပ်စု အတင်းဖော်ဆောင်လိုက်တာဟာ မဟာဝါဒီဗမာနာဇီ (အရပ်သားအရေခြုံ) စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက်တည်တံ့ရေး ရည်မှန်းချက်ကြီးဖြစ်တယ်။ အဲဒါကြောင့် အစစ်အမှန်ပြည်ထောင်စုစနစ် ဆိုတာ ဗိုလ်သန်းရွှေ ဦးနှောက်ထဲမှာ လုံးဝမရှိဘူး။ အလျဉ်းမစဉ်းစားဘူး။ ရွေးကောက်ပွဲဦးစားပေးရေးသည်သာ သူ့ရဲ့လက်ရှိအဓိကထွက်ပေါက်ဖြစ်တယ်။ ရွေးကောက်ပွဲဖြတ်သန်းပြီးရင် အပစ်ရပ်ကိစ္စကိုအစိတ်တဒေသရှင်းလိုက်ရသလို မှတ်ယူပုံရတယ်။

(၅)စစ်အုပ်စုက အပစ်ရပ်ကိစ္စကို ရွေးကောက်ပွဲကိစ္စထက်ဦးစားပေးလို့ မရတာက သူ့အတွက်ပိုရှုပ်သွားမယ်။ အရည်မရ အဖတ်မရဖြစ်သွားမယ်။ အပစ်ရပ်တွေအပေါ် အကြမ်းဖတမ်းကိုင်တွယ်ရင် နိုင်ငံတကာပါလာမယ်။ အော်မယ်၊ပြောမယ်၊ရေးမယ်၊ရွေးကောက်ပွဲထိခိုက်မယ်။နောက်ဆုတ်သွားမယ်၊ခေတ္တရပ်သွားမယ်။ နယ်စပ်လုံခြုံတည်ငြိမ်ရေးကိုတဖွဖွပြောနေတဲ့ တရုပ်လည်းငြိုငြင်မယ်။ ဒါကိုစစ်အုပ်စုကောင်းကောင်းသိတယ်။ အဲဒါကြောင့်အပစ်ရပ်ကိစ္စကို စိတ်ဓါတ်စစ်ဆင်ရေးမဟာဗျူဟာကစားနည်းနဲ့ကလားဖန်ထိုးလုပ်နေတယ်။ ဗိုလ်သန်းရွှေအတွက် ရွေးကောက်ပွဲကအဓိက၊ ဗိုလ်ရွှေမန်းသမ္မတဖြစ်ရေးပဓါနဖြစ်တယ်။ ဗိုလ်သန်းရွှေဟာဒီမိုကရေစီကူးပြောင်းရေးကို(အရေဘဲခြုံခြုံ)မပြောလို့မရ။ မလုပ်ပြလို့မဖြစ်။ ရှောင်လွှဲပစ်ပါယ်လို့မရပါဘူး။ ဗိုလ်သန်းရွှေအတွက်ICC ကမ္ဘာ့တရားရုံး၊NLD,SNLD သပိတ်မှောက်မှု၊ ဒေါ်စုနဲ့နိုင်ငံရေးအကျဉ်းသမား၂၀၀၀ ကျော်၊ တပြည်လုံးအပုပ်နံ့ဟောင်လွန်းတဲ့ခြစားမှုစတာတွေဟာ အရှူးမီးဝိုင်းကြုံနေရတဲ့အထူးခေါင်းခဲစရာပြဿနာတွေဖြစ်တယ်။ ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို အမေရိကန်၊ ဥရောပ၊ US, EU တို့ကလက်ခံအသိအမှတ်ပြုရင်(သို့မဟုတ်) မကြာခဏထအော်လာရင် ဗမာပြည်နိုင်ငံရေးပိုရှုပ်လာမယ်။ အနောက်အုပ်စုအဖို့ တရုပ်လိုတိုက်ရိုက်အကျိုးစီးပွါး Direct Interest မရှိတဲ့ ပထဝီနိုင်ငံရေး Geopolitics အနေအထားကြောင့် နအဖကို ပြတ်သားပြင်းထန်စွာမပြောချင်ကြဘူး။

တချို့ နိုင်ငံကြီးတွေကျတော့ မျက်နှာလိုမျက်နှာရ နိုင်ငံရေးဂိမ်းကစားကြတယ်။ ဗိုလ်သန်းရွှေစစ်အုပ်စု ဘာဘဲလုပ်လုပ်၊ ဝေဖန်ရှုပ်ချသလိုလို ၊ ထောက်ခံသလိုလိုနဲ့ လက်ဆုပ်လက်ကိုင်မပြနိုင်အောင် ဇေ့လှည့်ကြောင်ပတ်လှီးလွှဲကြတယ်။အဲဒီပထဝီနိုင်ငံရေးအပေါ် တည်မှီတဲ့အကျိုးစီးပွါးချိန်ဆမှုဟာ ဗိုလ်သန်းရွှေတို့အတွက်အမြတ်ထွက်ပါတယ်။

စစ်အုပ်စုရွေးကောက်ပွဲနဲ့ တရုပ်ဩဇာ ဆက်စပ်ပုံကိုကြည့်ရင်တရုပ်ရဲ့ထောက်ခံမှုဟာ မရှိမဖြစ်အရေးတကြီးလိုအပ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်ဖို့၊ နိုင်ငံတကာက (ထောက်ခံဖို့မဟုတ်ပေမယ့်) မဆန့်ကျင်ဘို့ဆိုတာ တရုပ်က ဗိုလ်သန်းရွှေအတွက်အနီးဆုံးနံပါတ် ၁ မိတ်ဆွေပါ။

ဗမာပြည်ရဲ့သယံဇာတဟူသမျှကို တရုပ်ကဈေးပေါပေါနဲ့ သိမ်းကြုံးလိုချင်တာ၊သစ်မြစ်သစ်ငုတ်တိုကအစ ပိန္နဲပင်၊ညောင်ပင်အဆုံး ဝယ်ယူနေတာကိုစစ်အုပ်စုကသိတော့ အပြန်အလှန်အပေးအယူ

လုပ်ရတာမခက်ဘူး။ နောက်တခု စစ်အုပ်စုအတွက် တရုပ်ကနိုင်ငံတကာအဆင့် ဘက်လိုက်ပေးနိုင်တဲ့အရေးကြီးဆုံးအကာအကွယ်ကြီးတခုရှိတယ်။ အဲဒါက ကုလလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်အင်အားကြီး ၅ နိုင်ငံထဲမှာတရုပ်လဲပါတော့ တရုပ်ရဲ့ဗီဒိုအာဏာကိုဗိုလ်သန်းရွှေတို့ မှီခိုအားထားရပါတယ်။ ကမ္ဘာ့နိုင်ငံရေးမျက်နှာစာမှာ နအဖစစ်အုပ်စုဟာ မြောက်ကိုးရီးယား ၊ ဂျူးဘား၊ ဇီမ်ဘားဗွေး၊အီရန်၊ ဆူဒန်တို့လိုဘဲ အထီးကျန်ဖြစ်နေတော့ တရုပ်ရဲ့အရိပ်အာဝါသကိုမှီခိုမှ သူ့ဘဝသက်သာမှာဖြစ်တယ်၊

တရုပ်ပြီးရင်ဗိုလ်သန်းရွှေစစ်အုပ်စုရဲ့လတ်တလော နံပါတ် ၂ မိတ်ဆွေက ထိုင်းနဲ့အာဇီယံဖြစ်ပါတယ်။ ထိုင်းနဲ့တချို့ အာဇီယံနိုင်ငံတွေဟာပထဝီ နိုင်ငံရေး အကျိုးစီးပွါးကြောင့် ဗမာပြည်ရဲ့ သယံဇာတကိုတရုပ်နဲ့အပြိုင်လိုချင်လို့စစ်အုပ်စုရဲ့နိုင်ငံရေးဂိမ်းတွေဖြစ်တဲ့လမ်းပြမြေပုံ ၇ ဆင့်တို့၊၂၀၀၈ နားဂစ် ဖွဲ့စည်းပုံတို့၊ ၂၀၁၀ ရွေးကောက် ပွဲတို့အပေါ်ပြတ်သားပြင်းထန် ဒဲ့ဒိုးအပြောမျိုးဘယ်သူမှလက်ညှိုး မထိုးဝံ့ပါဘူး။ ဒါကိုလဲ ဗိုလ်သန်းရွှေတို့ နောကြေအံတိုပြီးသားပါ။

အဲဒါကြောင့် ရွေးကောက်ပွဲသည်ပထမ၊ အပစ်ရပ်ကိစ္စ နောက်မှရှင်း၊ ဒီဇာတ်ကွက်ခင်းမှ အထမြောက်ပွင့်လင်းမယ်ဆိုပြီး စစ်အုပ်စုယုံကြည်စွာ ကပြနေတာဖြစ်တယ်။

ရွေးကောက်ပွဲနောက်ပိုင်း အပစ်ရပ်များရဲ့ အလားအလာကတော့ ဩဂုတ်စ်လနှောင်းပိုင်း အပစ်ရပ်တွေဆီပေးထားတဲ့ အောက်ပါခြိမ်းခြောက်စာပါ အရေးအသားတွေကိုကြည့်ရင် ခန့်မှန်းနိုင်မယ်ထင်ပါတယ်။

"ယခုပုံစံဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ထားခြင်းသည် ယာယီသာဖြစ်ပြီး ထာဝရငြိမ်းချမ်းရေးမှာအပြီးအပိုင် လက်နက်စွန့်ခြင်းဖြစ်သည်။"

"ဥပဒေနှင့်မညီဘဲ တရားမဝင်လက်နက်ကိုင်ဆောင်လိုကြောင်းတင်ပြချက်မှာ နဂိုမူလတရားမဝင် လက်နက်ကိုင်သောင်းကျန်းသူအဖြစ် နေလိုသည့်သဘောဟုမှတ်ယူသည်။ ---- လုံးဝ လက်မခံနိုင်ပါ။ ထိုသို့ မလုပ်ဆောင်နိုင်ရေး တားမြစ်ရန်နိုင်ငံတော်တွင် တာဝန်ရှိပါသည်။"

" --- ရွေးကောက်ပွဲမတိုင်မီ လက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ရပါမည်။"

"လက်နက်စွန့်လွှတ်ရေးဆောင်ရွက်မှုကို 1/9/2010 ရက်နောက်ဆုံးထား၍ ဆောင်ရွက်ရပါမည်။"

"ထိုနေ့ထက်ကျော်လွန် ကိုင်ဆောင်မည်ဆိုပါက နဂိုမူလလက်နက်ကိုင်သောင်းကျန်းသူအဖြစ် သတ်မှတ်လိုက်မည်။---"

ဒီတော့ ရွေးကောက်ပွဲနောက်ပိုင်း အပစ်ရပ်တွေအပေါ်စစ်အုပ်စု ဘယ်လိုကိုင်တွယ်မလဲ။ဘယ်လောက်အတိုင်းအတာနဲ့ဘယ်အဆင့်အထိ ဘယ်လိုပုံဖော်လုပ်ဆောင်မလဲဆိုတာ စောင့်ကြည့်ရပါမယ်။

ဘာဘဲဖြစ်ဖြစ် ရွေးကောက်ပွဲအပြီး ဗမာပြည်ရဲ့အခြေအနေပိုပြီး ရှုပ်ထွေးလာနိုင်တယ်လို့ ထင်ကြေးပေးကြပါတယ်။ အသက် ၁၅ နှစ်အထက် စစ်တပ်အရာရှိတွေအနားယူရမယ်။ လူသစ်တွေအများ ကြီးအစားထိုးလာမယ်။ စစ်တပ်ထိပ်သီးကြီးတွေထဲမှာ မယုံသင်္ကာမှုတွေတိုးပွါးလာမယ်။ အက်ကြောင်းတွေ တစပြီးတစပေါ်လာမယ်။ သမ္မတအဖြစ်လျာထားခြင်းခံရသူ ဗိုလ်ရွှေမန်းကိုယုံမှတ်ပြီးမိမိကံကြမ္မာပုံအပ်ထားချင်တဲ့ ဗိုလ်သန်းရွှေအဖို့ စနိုးစနောင့် သံသယတွေပေါ်ချင်ပြီလို့ ဆိုပါတယ်။

နေပြည်တော်အတွင်းပိုင်း မျက်စိကြီးနားကြီး ရပ်ကွက်ကကြားရတဲ့စက်တင်ဘာလလယ်နောက်ဆုံးအခြေအနေအရ သန်းရွှေနဲ့ရွှေမန်းတို့ ကတောက်ကဆစကားများကြပြီလို့ သတင်းထွက်ပေါ်နေပါတယ်။

ရွေးကောက်ပွဲနဲ့အပစ်ရပ်ကိစ္စထက် ဗိုလ်သန်းရွှေရဲ့ ထွက်သက်ဝင်သက်နဲ့ စစ်အုပ်စုအာဏာစက်ခိုင်မြဲအစွန့်ရှည်ရေးက အခရာကျလှပါကြောင်း။ ❑

ဘာအရောင်ပြောင်းချွတ်ချွတ်

ဘာဝတ်စုံလဲလဲ

ငါ့လက်ထဲအလွှတ်မခံနိုင်

တိုင်းပြည်ချုပ်ကိုင်ဖို့

ငါနဲ့ဘဲထိုက်တန် ...

ဗိုလ်သန်းရွှေ တရုပ်ပြည်ခရီးနောက်ဆက်တွဲ ရွေးကောက်ပွဲအကွက်ချပုံ

ဗိုလ်သန်းရွှေတရုပ်ပြည်ခရီး၏ ရည်ရွယ်ချက်မှာအောက်ပါ အတိုင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။

(၁) ရွေးကောက်ပွဲကိစ္စ၊ ဒေါ်စုနှင့်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကိစ္စ နိုင်ငံတကာဖိအားလျှော့ချရေး။

(၂) ရွေးကောက်ပွဲအောင်မြင်ရေး၊ နိုင်ငံတကာအသိအမှတ်ပြုမှုအတွက် ပထမအဓိကခြေလှမ်းအဖြစ်ထောက်ခံမှုအသိအမှတ်ပြုမှုရရှိရေး။ ထိုမှတဆင့်(တရုပ်၏ထောက်ခံမှုမှတဆင့်) တရုပ်ပံ့ပိုးမှုအထောက်အကူများရရှိထားကြသည့် တရုတ်၏မိတ်ဆွေ နိုင်ငံများဖြစ်ကြသော မြောက်ကိုးရီးယား၊ ဂျူးဘား၊ အီရန်၊ အာဖရိက၊ လက်တင်အမေရိက ဖွံ့ဖြိုးဆဲနိုင်ငံအချို့၏ထောက်ခံအသိအမှတ်ပြုမှုရရှိရေး၊ တတိယအဆင့်အနေဖြင့် အာဇီယံ၊ ရုရှား၊ အမေရိကန်၊ အီးယူတို့၏တစုံတရာအသိအမှတ်ပြုမှုရရှိစရန် တရုပ်၏ကူညီချဉ်းကပ် ဖြန်ဖြေဖြောင်းဖြရေး စသည်များဖြစ်သည်ဟု ယူဆသည်။

(၃) တရုပ်တို့၏ ဗမာပြည်အတွင်းရင်းနှီးမြှုပ်နှံမှုအားလုံး လုံခြုံစိတ်ချနိုင်ကြောင်း သွားရောက်အာမခံပေးခြင်းလည်းပါဝင်၏။

❑ ရခိုင်ကမ်းလွန်ရေနံနှင့် သဘာဝဓါတ်ငွေ့မှရရှိသည့်ဝင်ငွေကိစ္စ။ (လက်ရှိငွေလဲနှုန်း ၁ ဒေါ်လာကျပ် ၁,၀၀၀ ကိုနအဖက ၁ ဒေါ်လာ ၆ ကျပ်ခွဲနှုန်းထားရှိဆဲကိစ္စ)အနာဂတ်အစိုးရမည်သို့ကိုင်တွယ်သည်ဖြစ်စေ တရုပ်လိုလားချက်ဆန္ဒပြည့်ဝစေမည်။

❑ တရုပ်စီးပွါးရေးလုပ်ငန်းများ၊ ကုမ္ပဏီများ၊ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်မည့် စက်ရုံအလုပ်ရုံများကိစ္စ၊ သျှမ်းပြည်၊ ကချင်ပြည်အတွင်းသယံဇာတတူးဖော်မည့်ကိစ္စ၊ ရေအားလျှပ်စစ်အတွက် ရေကာတာတည်ဆောက်သည့်ကိစ္စ စသည့်ကဏ္ဍများနှစ်နိုင်ငံအကျိုးတူဖြစ်သဖြင့် တစုံတရာထိခိုက်နစ်နာမှုရှိမည်မဟုတ်ကြောင်း ယုံကြည်စိတ်ချနိုင်မည်ဖြစ်ကြောင်း၊ စသည်များပါဝင်သည်။

သို့သော် အခြားတဖက်တွင်မူနယ်စပ်အခြေစိုက် **KIA, UWSA, NDAA, SSA-N** စသည့်အပစ်ရပ်လက်နက်ကိုင်တပ်များအား အတိုင်းအတာတခုအထိ တရုပ်ကဖဲတချပ်အဖြစ် ဆက်လက်စွဲကိုင် ထားဆဲဟုဆို၏။

ဗမာပြည်အတွင်းရှိ ကြီးမားကျယ်ပြန့်သည့်တရုပ်ရင်းနှီးမြှုပ်နှံမှုနှင့်တရုပ်စီးပွါးရေးအဆောက်အအုံ လုံခြုံစိတ်ချရေးအတွက် တရုပ်၏ မဟာဗျူဟာသည် ဗိုလ်သန်းရွှေစစ်အုပ်စုနှင့် အဆင်ပြေရေးဖြစ်၏။ ဦးစားပေးအဆင့် ၁ ဖြစ်နေသည်။ သို့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်တပ်များနှင့် မြွေမသေတုတ်မကျိုး အထိုက်အလျောက် အဆင်ပြေရေးသည်လည်း ဒုတိယအဆင့်ဖဲချပ်အဖြစ် သတ်မှတ်ထားရ သေးသည်။ သို့ဖြစ်၍ တရုပ်အတွက် တပြိုင်တည်းတချိန်တည်းလည်ဆည် ဆက်ဆံနေရသည်။ အကြောင်းမှာ ဝ ၊ မိုင်းလား ၊ ကချင်ထိန်းချုပ်နယ်မြေများအတွင်း၌ တရုပ်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ အတော်အသင့်ရှိပြီး ပန်ဆန်းနှင့်မိုင်းလားမြို့တွင်းဆိုလျှင် တရုပ်ကုန်သည်ပွဲစားလုပ်ငန်းရှင်များ၏ လူဦးရေမှာ သောင်းဂဏန်းရှိနေသောကြောင့်ဖြစ်သည်။

ဗိုလ်သန်းရွှေဘေဂျင်းသို့ရောက်စဉ် တရုပ်နယ်စပ်တလျှောက် စစ်ရေးနည်းဖြင့် ပြဿနာဖြေရှင်းမှုမျိုး၊ သွေးထွက်သံယိုအလုပ်မျိုး မမြင်တွေ့လိုကြောင်း တရုပ်ခေါင်းဆောင်များ အရိပ်အမြွက်လေသံပစ်ခဲ့သဖြင့် ဗိုလ်သန်းရွှေတို့အဖို့ ရွေးကောက်ပွဲမကျင်းပနိုင်သော နယ်မြေများအဖြစ် ကြေငြာရသည်။ ဗိုလ်သန်းရွှေ နေပြည်တော်အပြန်ခရီးပြီးနောက်မကြာမီကျင်းပခဲ့သည့် နေပြည်တော်လျှို့ဝှက်အစည်းအဝေး တရုပ်၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟုဆိုသည်။

တိုင်းရင်းသားလက်နက်ကိုင်ကိစ္စအပေါ် တရုပ်ခေါင်းဆောင်များအမြင်ရှိသည်မှာသွေးထွက်သံယိုဖြစ်ပါက စီးပွါးရေးပိတ်ဆို့မှု ဆန်ရှင်နှင့်လူ့အခွင့်အရေးကိစ္စအကြောင်းပြ၍ **UN** နှင့် **EU** တို့ဝင်လာမည်။ ဗမာပြည်ပြဿနာ အသံကျယ်လောင်လာမည်။ အမေရိကန်အတွက် ဝင်ရောက်စွက်ဖက်စရာအကြောင်းဖန်လာမည်။ ဤအချက်ကို တရုပ်က မလိုလား။ သတိထားရသည့် စိုးရိမ်မှုတခုဖြစ်၏။ ဤကိစ္စကိုလည်း တရုပ်က ဗိုလ်သန်းရွှေအားပြောဖြစ်ခဲ့သည်ဟုဆို၏။

၂၀၁၀ ရွေးကောက်ပွဲသည် ဗိုလ်သန်းရွှေ၏ထွက်ပေါက်ဖြစ် ၏။ ဗိုလ်သန်းရွှေမိသားစု၏ အသက်ရှူပေါက်နှင့်အသက်ဆက်ပွဲလည်း ဟုတ်၏။ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတွင်အထိုက်အလျောက်အပြောင်းအလဲရှိနိုင်သည်ဟု အချို့ကဆိုချင်သည်။ အမှန်မှာ မသိမသာအနဲအကျဉ်းလေး ပြောင်းလဲမှုမျိုးဖြစ်ဖို့များသည်။

ရွေးကောက်ပွဲအကြိုကာလ ဗိုလ်သန်းရွှေစစ်အုပ်စုအဖို့ဖုတ်ပူမီးတိုက် အလျင်စလိုဆောင်ရွက်ရမည့် လုပ်ငန်းမှာ–

ဦးစားပေး (၁) ကြံ့ဖွံ့မဖြစ်မနေ မရမကအနိုင်ရရေး။

ဦးစားပေး (၂) **NLD** ဖယ်ရှားရေး (သို့) နိုင်ငံရေးပလက်ဖောင်းပေါ် မှကန်ချရေး *(လမ်းဘေးမြောင်းထဲခေါင်းမဖော်နိုင်အောင်ကျသွားရေး)* ။

ဦးစားပေး (၃) အပစ်ရပ်လက်နက်ကိုင်တပ်များ၏ အစွယ်အသွားအဆိပ်အတောက်ဖျောက်ဖျက်ပစ်ရေးတို့ဖြစ်၏။

ဦးစားပေးအဆင့်(၁)အတွက် သုံးဖြုန်းရန်ရံပုံငွေရှာဖွေစုဆောင်းသည့်နည်း ၂ နည်းကျင့်သုံးလျက်ရှိ၏။

ပထမတနည်းမှာ စီးပွါးရေးလုပ်ငန်းရှင်ကြီးများအသုံးချ၍ လူများစုဖြစ်သည့် လက်လုပ်လက်စားအခြေခံ အောက်ခြေလူတန်းစားဆင်းရဲသားများအား ကူညီထောက်ပံ့သိမ်းသွင်းဆွဲဆောင်ရန်စည်းရုံးတိုက်တွန်းဖိအားပေး၏။ ခပ်များများက အားရကျေနပ်စွာစိတ်ပါမှုမရှိသော်လည်းစစ်အာဏာကိုကြောက်ပြီး မိမိအကျိုးစီးပွါး ထိခိုက်မည်စိုးသဖြင့် ထည့်ဝင်ပေးသွင်းကြရသည်။

ဒုတိယနည်းက နည်းလမ်းပေါင်းစုံ အခွန်ဘဏ္ဍာငွေကြံဖန်စုဆောင်းခြင်းဖြစ်၏။ အမြင်သာဆုံးမှာ လိုင်စင်မဲ့ကားများ ဆိုင်ကယ်များ

Photo : Getty Images

သမတ ဖြစ်မည်ဟု ခန့်မှန်းရသည့် သူရဦးရွှေမန်း နှင့် ဦးသိန်းစိန်

Photo : AP

(ဦး) တင်အောင်မြင့်ဦး

အား အဆမတန်ကောက်ခံပြီး လိုင်စင်လုပ်ပေးသည့်ကိစ္စဖြစ်၏။ ရွေးကောက်ပွဲရံပုံငွေအတွက်နေပြည်တော်သို့ပေးပို့ရန်ဟုဆို၏။ နေရာအတော်များများတွင် ပိတ်လိုက်ပြီဟု တဖက်ကပြောသော်လည်း လက်သိပ်ထိုးနိုင်လျှင်လုပ်ပေးမြဲလုပ်ပေးလျက်ရှိ၏။ လဲန်ခရူဆာတစီး သိန်းတရာဟုဆိုစေကာမူသိန်း ၈၅၀ ပေး၍လိုင်စင်ရသွားသူလည်းရှိ၏။ နေပြည်တော်သို့ပေးပို့ပြီးသော ပမာဏမှာသန်းပေါင်းသောင်း သိန်းချီရှိနေပြီဟု အချို့အရာရှိများပြောကြားခဲ့ဖူးသည်။

ဗိုလ်သန်းရွှေ၏ရှေ့ရေးလုံခြုံမှုနှင့် အနာဂတ်ဘဝမည်ရွေ့ မည်မျှစိတ်ချရမည်နည်း ဆိုသောအချက်သည် ရွေးကောက်ပွဲကာလ၌ စစ်အုပ်စု ဘယ်ရွေ့ဘယ်မျှ စနစ်တကျအကွက်ချထားသနည်း–ဆိုသောအချက်ပေါ်တွင်မူတည်၏။

နေပြည်တော်အတွင်းပိုင်းအသိုင်းအဝိုင်း၏အဆိုအရ ဗိုလ်သန်းရွှေ၏ ဘဝလုံခြုံရေးသည် ဗိုလ်ရွှေမန်းအပေါ်တွင် မူတည်မည်ဟုဆို၏။ ဗိုလ်ရွှေမန်းသမ္မတဖြစ်ရေးသည် ဗိုလ်သန်းရွှေအဖို့ သေရေးရှင်ရေးဖြစ်မည်ဟုအချို့ကဟောကိန်းထုတ်၏။ ထို့ကြောင့် ဗိုလ်ရွှေမန်းသမ္မတ မဖြစ်လျှင် ဗိုလ်သန်းရွှေအခက်ကြုံမည်။ စနစ်တကျ အကွက်ချစီမံ လံကြုပ်ထားသည့်အတိုင်းဖြစ်မလာပါက ဗိုလ်သန်းရွှေထွက်ပြေးရန် သာရှိသည်ဟုဆိုသည်။ အကြောင်းမှာဗိုလ်သိန်းစိန်နှင့် တင်အောင်မြင့်ဦး တို့သော်မှ (ကလိမ်ကကျစ်ညစ်ပတ်သည့်နည်းနာဖြင့် မသမာမှုမလုပ်လျှင်ပင်) ရွေးကောက်ပွဲအနိုင်ရရေးမသေချာလှပဟု တွက်ဆနေကြသောကြောင့်ဖြစ် သည်။

ဦးစားပေးအဆင့် ၄ အရ စစ်အုပ်စု အုပ်ချုပ်ရေးယန္တယား၏ ဌာနပေါင်းစုံ အဖွဲ့အစည်းများအတွင်း အမာခံဝန်ထမ်းများနှင့် စစ်တပ်အတွင်း နေပြည်တော်အတွင်း အမာခံသစ္စာခံများ ထပ်မံဖြည့်ဆည်းရေးသိမ်းသွင်းပျိုးထောင်ရေး၊ စည်းရုံးရေးဖြစ်၏။ လွှတ်တော်ခေါ်ယူပြီးနောက်ပိုင်း အစိုးရဖွဲ့စဉ်အတောအတွင်း ဗဟိုအစိုးရအဆင့်နှင့် ပြည်နယ်အစိုးရအဆင့်တိုင်း၌၂၅ ％တမတ်သားစစ်ဗိုလ်ကိုယ်စားလှယ်များနှင့် လွှတ်တော် ၃ ရပ်နေရာရကြသည့် ကြံ့ဖွံ့ကိုယ်စားလှယ်များ အတိုင်အဖောက်ညီစေရေး ကြိုတင်ပြင်ဆင်မှုသည်လည်း ဦးစားပေးအဆင့်တွင်ပါဝင်သည်။

ရွေးကောက်ပွဲလက်တကမ်း ဗိုလ်သန်းရွှေ၏တရုပ်ပြည်ခရီး ရည်ရွယ်ချက်အပါအဝင် ဗိုလ်သန်းရွှေအပြန်ခရီး နောက်ဆက်တွဲ၊ ရွေးကောက်ပွဲအကွက်ချ ချုပ်ကိုင်အနိုင်ရရေးစီမံချက်နှင့် ဖြစ်နိုင်ချေအချို့ကိုဉာဏ်မှီသမျှတစိတ်တဒေသ သုံးသပ်တင်ပြ လိုက်ရသည်။

စိုင်းယွန်းလေး (NKM)
21/9/2010

Photo : SL

ၸမ့်ဝွတ်းႁူဝ်ပူင်း တၢင်းဢွၵ်ႇႁူဝ်ပူင်း ၵုၼ်ႇမိူင်းပွၼ်

Supported by a grant from Foundation Open Society Institute (Zug)

OPEN SOCIETY INSTITUTE
& Soros Foundations Network